# အခန်း (၁၈)
# *Chapter 18*
# ဘုရားသခင်၏အမိန့်တော်
# *Divine Order*

## အပိုင်း (၁) *Part One*
## အသင်းတော်၌ ဘုရားသခင်၏အမိန့်တော် အကျဉ်းချုံး
## *An Overview of Divine Order In The Church*

ရုပ်ထွေးမှုကို ကျွန်ုပ်တို့အားလုံးကမုန်းကြသည်။မိဘများသည် အိမ်တွင်ရုပ်ထွေးမှုကို ပို၍ နှစ်သက်သလား? ထို့ပြင် မိမိအိမ်တွင်အကျိုးမရှိသော အနတ္တသဘောကို နှစ်သက်၍အသုံးပြုလို မည်လော? ဟူ၍သူတို့ကို မေးကြည့်ပါ။စာတိုက်မှူးထံသွား၍ စာကြည့်တိုက်သို့သွားရန်အကောင်းဆုံးသောနည်းလမ်းကိုမေးပါ။သူက စာအုပ်အားလုံးကို စာကြည့်တိုက်ခန်းထဲသို့ ထည့်၍စာအုပ်များ ဖတ်ရှုလိုသည့်အခါတိုင်း စာအုပ်များစွာရောထွေးရာများထဲတွင် ရွေး၍ဖတ်ရှုရမည်ဟု ဖြေပါလိမ့် မည်။လူတိုင်းက တကြိမ်တည်းတွင် စကားအမျိုးမျိုးပြော၍ တကြိမ်တည်းတွင် သွန်သင်မှုသုံးခုပြောပြလျှင် ကျွန်ုပ်တို့နီးနှောတိုင်ပင်မှုသည် မည်ကဲ့သို့ဖြစ်သွားလိမ့်မည်နည်း။ကျွန်ုပ်တို့အားလုံး သည် မီးမရှိ အရိပ်အရောင်မရှိ သိရှိနားလည်မှုပေါ်မူတည်၍ သဘောတူညီမှုမရှိသော လမ်း၏ည ဘက်ကျောတွင်မောင်းနှင်၍ အရှိန်ကန့်သတ်သောအခါစသည့်အခြေအနေ မျိုးနှင့်ကြုံသောအခါ ကျွန်ုပ်တို့၏ပြေးလမ်းသည်မည်သည့်အရာဖြစ်သွားလိမ့်မည်နည်း။ကျွန်ုပ်တို့နေထိုင်သော လောက ကြီးထဲတွင် လမ်းပြမှုမပါဘဲလုပ်ဆောင်မှုမရှိနိုင်ပေ။

လမ်းပြသူက မည်သူနည်း။လူလော (သို့) ဘုရားသခသ်လော ဤကဲ့သို့သော မေးခွန်းမျိုး ကို ကျွန်ုပ်တို့သည် ဆုံးဖြတ်ချက်ချသည့်အချိန်တိုင်းတွေ့ကြုံရလိမ့်မည်။ဆုံးဖြတ်ချက်ချရာတွင် သန့် ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ထဲ၌ပုံသွင်းရန်ဖိတ်ခေါ်သည့်နည်းတူလိုက်လျှောက်ရမည်။သမ္မာ ကျမ်းစာသွန်သင်သော မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်တခြားလူတွေကို ပထမနေရာတွင်ထားခြင်းမိမိ ကိုယ်ကိုအလေးစားခြင်းထက် တခြားလူတွေကိုပို၍ လေးစားခြင်းတို့ကို ကျွန်ုပ်တို့အားလုံးသေချာ စွာ သိရှိကြသည်။ဘုရားသခင်၏သားတော်သခင်ယေရှုခရစ်တော်၏ ပုံသဏ္ဍာန်ကိုဝမ်းမြောက်စွာ ဖြင့် တုခိုးရန်တိုက်တွန်းချက်ကို ကျွန်ုပ်တို့သိရှိကြပါသည်။လူတွေ၏ပညာကိုအသုံးပြု၍ တခြားသူ များကိုအမိန့်ပေးရန် ကျွန်ုပ်တို့ကြိုးပမ်းလုပ်ဆောင်တတ်ကြသည်။

T.Austin-Sparks က ဤကဲ့သို့ကောင်းမွန်စွာ လေ့လာသိရှိခဲ့သည်။ “သမ္မာကျမ်းစာပညာ ကိုသိရှိသောသူများအတွက် ကျွန်ုပ်တို့ဖော်ပြထားသည့်အတိုင်း သမ္မာကျမ်းစာတစ်ခုလုံးသည်အောက် တွင်ဖော်ပြထားသော စာကြောင်းလေးခုဖြင့် အနှစ်ချုပ်၍သက်သေပြသထားပါသည်။

၎င်းတို့မှာ–

၁။ဘုရားသခင်သည်အမိန့်အာဏာရှိသောဘုရားဖြစ်သည်။

၂။စာတန်သည် ဘုရားသခင်၏တရားစီရင်မှုအောက်တွင်ရှိသော လောကရှင်ဘုရင်ဖြစ်၍ ၎င်းတရားစီရင်ခြင်း၏ သဘောတရားသည်ရှုပ်ထွေးခြင်းဖြစ်သည်။

၃။ခရစ်တော်သည်လူပုဂ္ဂိုလ်အားဖြင့်ဖြစ်စေ လုပ်ငန်းလုပ်ဆောင်မှုအားဖြင့်ဖြစ်စေ ဘုရားသခင်၏အာဏာအမိန့်ကို ရုပ်လုံးပေါ်အောင်ထင်ရှားစေသောသူဖြစ်သည်။

၄။အသင်းတော်သည် ဘုရားသခင်၏ရွေးကောက်သော တန်ဆာပလာဖြစ်၍ ထိုအသင်းတော်ထဲ၌ဖြစ်စေထိုအသင်းတော်အားဖြင့်ဖြစ်စေ နောင်လာလတ္တံ့သောနှစ်များတွင် ဘုရားသခင်၏အမိန့်တော်အာဏာကို ထင်ရှားစေပြီး ထိုအမိန့်တော်အတွက်အမှုတော်ဆောင်သူများဖြစ်ကြသည်။

ဘုရားသခင်ပြုသောအမှုအားလုံးကို ကြည့်ခြင်းအားဖြင့်ဘုရားသခင်၏ သြဇာအာဏာတည် ဆောက်မှုပုံစံကို မျက်ဝါးထင်ထင်တွေ့ရှိနိုင်သည်။လွန်ခဲ့သောနှစ်ပေါင်းအဆုံးမရှိသည့်ကာလမှစ၍ ဘုရားသခင်၏အမိန့်တော်အာဏာကို သုံးပါးတစ်ဆူထဲတွင်ကောင်းမွန်စွာတွေ့ရှိနိုင်သည်။ဘုရားသ ခင်စကြာဝဠာတစ်ခုလုံးနှင့်သူ၏ လူမျိုးအားလုံးတို့ကို ဖန်ဆင်းခဲ့သည့်နည်းတူ ဤဘုရားသခင်၏အမိန့်အာဏာသည်လည်း မိသားစုနှင့်ဖြစ်စေ အစိုးရအဖွဲ့အစည်းနှင့်ဖြစ်စေ အသင်းတော်နှင့်ဖြစ်စေ တစ်သဝေမတိမ်းသူညီနေသည်ကို ကျွန်ုပ်တို့သိရှိနိုင်ပါသည်။

ဥပမာအားဖြင့် Holy Writ က ဤကဲ့သို့ကြွေးကြော်ထားပါသည်။ "လူယောကျ်ားတိုင်း၏ ဦးခေါင်းသည် ခရစ်တော်ဖြစ်၍ လူမိန်းမအားလုံး၏ဦးခေါင်းသည် ယောကျ်ားဖြစ်သည်။ထိုနောက် ခရစ်တော်၏ဦးခေါင်းသည်ဘုရားသခင်ဖြစ်သည်" (၁ကော ၁၁း၃)။ထို့ပြင် "ဘုရားသခင်သည် ရှုပ် ထွေးခြင်းဖြစ်စေသော ဘုရားသခင်ဖြစ်စေသောဘုရားမဟုတ်ပေ။သို့သော် ယုံကြည်သူအားလုံးတို့ သည် သန့်ရှင်းသူများဖြစ်သည့်နည်းတူ ဘုရားသခင်သည်ငြိမ်သက်ခြင်းဖြစ်စေသော ဘုရားဖြစ် သည်"။(၁ကော ၁၄း၃၃)။

**သုံးပါးတစ်ဆူ** *(The Trinity)*

သုံးပါးတစ်ဆူအကြောင်းကို ဆင်ခြင်တွေးတောပါ။အထူးသဖြင့်၊ခမည်းတော်နှင့်သားတော်တို့ ၏ ဆက်နွယ်မှုကိုကြည့်ပါ။ခမည်းတော်နှင့်သားတော်တို့သည် အနာဂတ္တံ့ညာဉ်တော်နှင့်ဒြပ်တော်တို့ ၌ နှစ်ပါးစလုံးတို့သည်တူညီသည်။ခရစ်တော်၏နာမည်ကို ကြည့်ကြပါစို့။(သူသည် ဘုရားသခင်၊ ဘုရားသခင်၏သားတော်၊ထာဝရဘုရား၊ဘုရင့်တကာဘုရင်၊ဘုရားတကာ့ဘုရားဖြစ်သည်)။သူ၏ညာဉ် တော်ကို ကြည့်လျှင် (သူသည် အရာခပ်သိမ်းကိုတတ်စွမ်းနိုင်သည်။အရာခပ်သိမ်းကို သိသည်။နေ

ရာတိုင်း၌ရှိသည်။ပြောင်းလဲမှုမရှိပေ။အသက်နှင့်သမ္မာတရားဖြစ်သည်)။သူ၏ လုပ်ဆောင်မှုကိုကြည့် လျှင် (သူသည် ဖန်ဆင်းရှင်၊ထိန်းချုပ်သူ၊အပြစ်ကိုခွင့်လွှတ်သူ၊သေသောသူကို ရှင်ပြန်ထမြောက်စေ သူ၊တရားစီရင်သူ၊သန့်ရှင်းသောဝိညာဉ်တော်စေလွှတ်သူဖြစ်သည်)။ယေရှုသည် လုရားဖြစ်ခြင်းကိုလူ တိုင်းကသိကြသည်။ထပ်မံ၍၊ယော ၁၀း၃၀၊ ၁၄း၉၊ ၁၇း၂၁ နှင့် မဿဲ ၂၈း၁၉ ထဲ၌ ဖော်ပြထား သော အကြောင်းအရာတို့သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်၏ ဘုရားဖြစ်ခြင်းကို သိစေပါသည်။သို့ သော် သခင်ယေရှုသည်ဘုရားသခင်နှင့်တူညီ၍ ဘုရားသခင်အားဆက်ကပ်သည့်နည်းတူ သူ့ကို ဆက်ကပ်ရမည်လော ၁ကော၊ ၁၁း၃ ထဲ၌ "ခရစ်တော်၏ဦးခေါင်းသည် ဘုရားသခင်ဖြစ်သည်" ဟု ဖော်ပြထားသောအချက်က ဘယ်အရာကိုဆိုလိုသနည်း။ဤကိစ္စတွင် ဘုရားသခင်၏အမိန့်တော် မှုသည်ဖြစ်၍၊ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသ ရေကို စွန့်၍အစေခံကျွန်၏သဏ္ဍာန်ကိုဆောင်လျက်၊လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော် မူ၏။ထိုသို့လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊အသေခံခြင်းသာမဟုတ်၊လက်ဝါးကပ်တိုင်မှာ ကို အရှင်းလင်းဆုံးသော ပုံစံနှင့်လက်တွေ့ကျကျသိရှိနိုင်ရန် ဖော်ပြထားခြင်းဖြစ်သည်။သခင်ယေရှု သည် ဘုရားသခင်ဖြစ်သည့်နည်းတူ "ထိုသခင်သည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပြည့်စုံတော် အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏"။(ဖိလိပ္ပိ၊ ၂း၆–၈)။

ခရစ်တော်သည်သူ့ခမည်းတော်ထံ ဆက်ကပ်ထားသည့်နည်းတူ သူ၏ဝန်ခံချက်ကိုနား ထောင်ကြပါစို့။ယောဟန် ၆း၃၈ "အကြောင်းမူကား၊ငါသည်ကိုယ်အလိုသို့ လိုက်ခြင်းငှါကောင်း ကင်မှဆင်းသက်သည်မဟုတ်။ငါ့ကို စေလွှတ်တော်မူသော သူ၏အလိုတော်သို့လိုက်ခြင်းငှါဆင်း သက်၏။ယောဟန် ၄း၃၄ ယေရှုက ငါ့ကိုစေလွှတ်တော်မူသောသူ၏ အလိုတော်ကိုဆောင်ခြင်းသူ ၏ အမှုတော်ကိုပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏။ယောဟန် ၅း၃၀ ငါသည်ကိုယ်အလိုအ လျောက်အဘယ်အမှုကို မျှမပြုနိုင်။ငါသည် ကြားသည့်အတိုင်းတရားစီရင်၏။ငါစီရင်ခြင်းသည် လည်းတရားတော်နှင့်ညီညွတ်၏။အကြောင်းမူကား ငါသည်ကိုယ်အလိုသို့မလိုက်၊ငါ့ကိုစေလွှတ်တော် မူသော ခမည်းတော်၏အလိုသို့လိုက်၏။ရှင်မဿဲ ၆း၁၀ နိုင်ငံတော်တည်ထောင်ပါစေသော။အလို တော်သည်ကောင်းကင်၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော။ရှင်မဿဲ ၂၆း၃၉(ခ) သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း ဖြစ်ပါစေသော။

ခရစ်တော်နှင့်ဘုရားသခင်သည် ဂုဏ်အင်္ဂါခြင်းတူပေမဲ့ခရစ်တော်က ဘုရားသခင်၏အလို တော်ကို ဝန်ခံသည်။ထိုကဲ့သို့ပြုခြင်းသည် သုံးပါးတစ်ဆူထဲ၌ ဘုရားတခင်၏ တည်ဆောက်ခြင်း လုပ်ရှားပုံကိုဖော်ပြလိုခြင်းဖြစ်သည်။ဘုရားသခင်ဖန်ဆင်းထားသော အရာခပ်သိမ်းအပေါ်မှာ ဘုရား သခင်၏ အမိန့်တော်တံဆိပ်ခပ်ထားခြင်းသည် ဒီအကြောင်းကြောင့်ဖြစ်သည်။မိသားစု အစိုးရနှင့်အ သင်းတော်တို့သည် သူတို့၏လုပ်ငန်းတာဝန်နှင့်လုပ်ထုံးလုပ်နည်းရှိသည်။အတိုင်းတိကျသော ညွှန် ကြားချက်ရှိကြသည်။ဤအမိန့်တော်များကို သုံးပါးတစ်ဆူလုပ်ငန်းထဲ၌ အမိန့်အာဏာဖြင့်အမြစ် တွယ်၍ တည်ရှိသည်တွေ့ရသည်။သူတို့သည် ပြောင်းလဲလွယ်သောနူတ်တိုက်အမိန့်အာဏာ မဟုတ် ပေ။ယဉ်ကျေးမှုနှင့်အချိန်ကလည်း မကန့်သတ်နိုင်ပေ။ဘုရားသခင်က သုံးပါးတစ်ဆူနှင့်တူရန်နှင့် သုံးပါးတစ်ဆူကဲ့သို့ အလုပ်လုပ်နိုင်ရန် ကျွန်တော်တို့လုပ်ဆောင်မှုအရာအားလုံး၌ ဘုရားသခင်ပေး သောအမိန့်တော်အတိုင်းလုပ်ဆောင်၍ ကောင်းချီးခံစားနိုင်ရန် မိသားစုအသင်းတော်နှင့်အစိုးရကို ဖန်တီးခဲ့ပါသည်။

**မိသားစု** *(The Family)*

ဖန်ဆင်းခြင်း၏ နောက်တစ်ခုတည်ဆောက်မှုပုံစံသည် မိသားစုဖြစ်သည်။ဖွဲ့စည်းတည် ဆောက်ခြင်းနှင့်လုပ်ဆောင်မှုနှင့်ပတ်သက် သုံးပါးတစ်ဆူသည် မိသားစုကလွဲ၍တခြားအဖွဲ့အစည်း နှင့်မတူပေ။ဖေက်ဩဝါဒစာနှင့်ကောလောသဲဩဝါဒစာထဲ၌ တွေ့ရှိသည့်အိမ်ထောင်ပြုခြင်းနှင့်ပတ် သက်သော ပညတ်ချက်နှင့်ဘုရားသခင်၏ ပဋိညာဉ်တို့၏နှိုင်းယှဉ်မှုကို အလွဲမယူအပ်ပေ။ငင်းကျမ်း ပိုဒ်ထဲ၌ရှိသော အကြောင်းအရာတို့သည် ကျွန်ုပ်တို့အပေါ် ဘုရားသခင်ထားရှိသော ချစ်ခြင်း မေတ္တာကို ဖော်ပြလိုခြင်းပင်ဖြစ်သည်။သို့သော် ကျွန်ုပ်တို့အိမ်တောင်ပြုခြင်းတို့သည် မိမိဆန္ဒအ လျောက်မဟုတ်ပဲ ဘုရားသခင်၏အကြံအစည်အတိုင်းဖြစ်ရန် လိုအပ်ပေသည်။ထိုနည်းတူစွာ သုံးပါး တစ်ဆူသည်လည်း ဘုရားသခင်စီမံချက်အတိုင်းဖြစ်သည်ကို တွေ့ရှိရသည်။ကျွန်ုပ်တို့၏အိမ်ထောင် ရေးကိစ္စသည်လည်း ထိုနည်းတူပြုရန်ဘုရားသခင်က မျှော်လင့်လျက်ရှိသည်။

ခင်ပွန်းသည်နှင့်ဇနီးသည်တို့သည် အသိပညာနှင့်အရည်အချင်းတို့၌ တူညီသည်။ဂလာတိ ဩဝါဒစာ ၃း၂၈ ထဲတွင် “ယေရှုခရစ်တော်၌ ယုဒလူမရှိ၊ဟေလသလူမရှိ၊ကျွန်မရှိ၊လူလွတ်မရှိ၊ ယောက်ျားမရှိ၊မိန်းမမရှိ၊ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏” ဟု ဖော်ပြ ထားသည်။ဖခမည်းတော်နှင့်သားတော်တို့နည်းတူ၊ခင်ပွန်းသည်နှင့်ဇနီးသည်တို့သည် အသိပညာနှင့် အရည်အချင်းတို့၌ တူညီကြသည်။သို့သော် သမ္မာကျမ်းစာဖော်ပြချက်အရ မိသားစုနှင့်ပတ်သက် သော ဘုရားသခင်၏စီမံချက်ကို တိကျရှင်းလင်းစွာတွေ့ရှိနိုင်ပါသည်။ခင်ပွန်းသည်သည် ဇနီးသည် ၏ဦးခေါင်းဖြစ်သည်။ “မိန်းမ၏ခေါင်းကားယောက်ျားဖြစ်သည်။” (၁ကော ၁၁း၃)။သူသည် ဦး ခေါင်းဖြစ်သည်နည်းတူ၊ခရစ်တော်သည်အသင်းတော်ကို ချစ်၍၊သူ့အတွက် မိမိအသက်ပေးအပ်သည့် နည်းတူ၊ခင်ပွန်းသည်လည်းမိမိဇနီးသည်ကိုချစ်ရမည်။ခင်ပွန်သည်လည်း မိမိကိုယ်ကိုချစ်သည့်နည်း တူ မိမိဇနီးသည်ကို ချစ်၍ သူမကိုပြုစုစောင့်ရှောက်ရမည်။ဇနီးသည်က မိမိခင်ပွန်းသည်ကို အရာရာ၌ ဆက်ကပ်အပ်နှံရပေမည်။(သုံးပါးတစ်ဆူကဲ့သို့ဖြစ်ရမည်။သူတို့သည် တူညီသော်လည်း ဆက်ကပ်ခြင်းရှိကြသည်။ထို့ပြင် ကလေးသူငယ်တို့သည် နာခံခြင်းရှိရမည်။ရိုးရိုးလေးဖော်ပြရလျှင် မိသားစုထဲ၌ ဘုရားသခင်၏စီမံမှုသည် ခင်ပွန်သည်ကချစ်ရမည်။ဇနီးသည်က ဆက်ကပ်ရမည်။ ကလေးတွေက နာခံရမည်။

ဘုရားသခင်ဖွဲ့စည်းတည်ဆောက်မှုထဲတွင် ရာထူးအဆင့်ဆင့်ရှိသည်ကို မှတ်ထားပါ။သား တော်က ခမည်းတော်ထံဆက်ကပ်ထားသည်။လူတွေက သားတော်ထံဆက်ကပ်ထားသည်။မယားက မိမိခင်ပွန်းထံ ဆက်ကပ်ထားသည်။သားသမီးတို့က မိဘများထံဆက်ကပ်ထားသည်။ကျွန်ုပ်တို့အ တွက် ဘုရားသခင်စီမံထားသည့်အတိုင်း ကျွန်ုပ်တို့သည်စိတ်ပါလက်ပါ နှိမ့်ချစွာနှင့်ဝမ်းမြောက်စွာ ဖြင့်လုပ်ဆောင်ရမည်။အတင်းအဓမ္မစေခိုင်းခြင်းမျိုးမဟုတ်ပေ။

**အစိုးရအဖွဲ့အစည်း** *(Government)*

ဖန်ဆင်းခြင်း၏ နောက်တစ်ခုအဖွဲ့အစည်းသည် အစိုးရအဖွဲ့အစည်းဖြစ်သည်။အစိုးရအဖွဲ့ အစည်းနှင့်ပတ်သက်သော ဘုရားသခင်ဖော်ပြထားချက်တို့သည် ရောမ ၁၃း၁၊တိတု ၃း၁၊ ၁ပေ ၂း၁၄ တို့တွင် တွေ့ရှိနိုင်သည်။ဤကျမ်းပိုဒ်ထဲမှ နားလည်သဘောပေါက်လွယ်သော အခြေခံသ ဘောတရားသုံးခုကို တွေ့ရှိနိုင်ပါသည်။

အခြေခံသဘောတရား(၁) "ဘုရားသခင်တည်ထောင်ခဲ့ပြီးသော သြဇာအာဏာမရှိတော့ပေ။တည်ရှိ သောသြဇာအာဏာတို့သည် ဘုရားသခင်တည်ထောင်ထားခြင်းဖြစ်သည်" (ရော ၁၃း၇)။

ခြေခံသဘောတရား(၂) "အစိုးရသော မင်းအာဏာစက်၏ အုပ်စိုးခြင်းကို လူတိုင်းဝန်ခံစေ" (ရော ၁၃း၁)

အခြေခံသဘောတရား(၃) "ထိုကြောင့် မင်းအာဏာကိုဆန်သောသူသည် ဘုရားသခင်စီရင်တော်မူ ရာကို ဆန်သောသူဖြစ်၏။ထိုသို့ဆန်သောသူသည် ရာဇဝတ်ကိုခံရမည်" (ရော ၁၃း၂)။

ဘုရားသခင်ထံသို့ ဆက်ကပ်သောသူသည် ယုံကြည်ခြင်းရှိရန် လိုအပ်သည်။မယားသည် မိမိခင်ပွန်းသည်ထံသို့ ဆက်ကပ်အပ်နှံခြင်းသည်လည်း ယုံကြည်ခြင်းရှိရန် လိုအပ်သည်။အစိုးရအာ ဏာရှင်များထံသို့ ဆက်ကပ်နှံခြင်းသည် ယုံကြည်ခြင်းရှိရန် လိုအပ်သည်။ကျွန်ုပ်တို့တခါတရံမေ့ ပျောက်တတ်သော ထိုသမိုင်းအကြောင်းကို ဘုရားသခင်သည်သူ၏ အချိန်တိုင်းတွင်သူ၏အလို တော်အတိုင်းအလုပ်လုပ်ခြင်းဖြစ်သော "သူ၏" "သမိုင်း" ကို ဆိုလိုခြင်းဖြစ်သည်။ပေတရုက ၁ပေ ၂း၁၃ထဲတွင် "သခင်ဘုရား၏ မျက်နှာတော်ကိုထောက်လျက် အထွဋ်အမြတ်ကြီးဟူသော ရှင် ဘုရင်ခန့်ထားသော ဝန်ဖြစ်စေ၊လူတို့တွင် စီရင်ခန့်ထားသမျှသော မင်း၏အုပ်စိုးခြင်းကိုဝန်ခံလော့။

အကြောင်းမူကား သင်တို့သည်ကောင်းသော အကျင့်ကိုကျင့်သောအားဖြင့် လူမိုက်တို့၏မိုက်မဲသော စကားကို ချေစေခြင်းငှါ၊ဘုရားသခင်သည် ထိုသို့သောအလုတော်ရှိ၏"။

ယုံကြည်ခြင်းကို တည်ဆောက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသော ဘုရားသခင် ၏ လုပ်ဆောင်နိုင်သောစွမ်းရည်ကို သတိရရန်လိုအပ်သည်။

* "ရှင်ဘုရင်တို့ကို အရာမှချ၍ ခါးကြိုးနှင့်ချည်တော်မူ၏။" (ယောဘ ၁၂း၁၈)။
* "ဘုရားသခင်သည် စီရင်ပိုင်တော်မူ၏။တစ်ယောက်ကို နှိမ့်ချ၍၊တစ်ယောက်ကို ချီးမြှောက်တော် မူ၏။(ဆာလံ ၇၅း၆-၇)။
* "ကာလအချိန်ဥတုများကို ပြောင်းလဲစေတော်မူ၏။ဘုရင်တို့ကို နှိမ့်ချချီးမြှောက်တော်မူ၏။ဉာဏ် ရှိသောသူတို့သည် ကျေးဇူးတော်အားဖြင့်သာထိုးထွင်း၍ နားလည်တတ်ကြ၏။" (ဒံယေလ ၂း၂၁)။
* "အကြောင်းမူကား အမြင့်ဆုံးသောဘုရားသည် လောကီနိုင်ငံကိုအုပ်စိုးတော်မူသည်ကိုငှင်း၊ပေးလို

သောသူတို့အား ပေးတော်မူသည်ကိုငင်း၊ယုတ်မာသောသူတို့ကို ချီးမြှောက်၍နိုင်ငံကို အပ်ပေး
တော်မူသောသည်မဟုတ်လော” (ဒံယေလ ၄း၁၇-၃၂)။

အစိုးရအာဏာရှင်တို့သည် ဘုရားသခင်၏အမှုတော်ဆောင်သူများ (သို့) အစေခံကျွန်များ ဖြစ်ကြသည်။မတရားသောသူများအပေါ် အပြစ်စီရင်ရန် အပြစ်ဖော်ပြပေးရန်အတွက် ဘုရားသခင် က အစိုးရသောအာဏာအဖွဲ့အစည်းများထူထောင်ခဲ့ပါသည်။ဆက်ကပ်အပ်နှံခြင်းဟု ပြောသောအခါ ဥပဒေကိုနာခံခြင်း (တိတု ၃း၁)၊အထက်လွတ်တော်မှ ချမှတ်ထားသောအခွန်တို့ကို ဥပဒေနှင့်အညီ ပေးဆောင်ခြင်း(ရော ၁၃း၇)တို့ပါဝင်သည်။ဤကဲ့သို့ပြုခြင်းသည် သုံးပါးတဆူ၊မိသားစုတည် ဆောက်မှုနှင့်တူညီသည်။....ဘုရားသခင်၏ ဖွဲ့စည်းမှုပင်တည်း။

**အသင်းတော်** *(The Church)*

နှုတ်ကပတ်တော်သည် ဝတ်ပြုကိုးကွယ်ရန် ကျွန်ုပ်တို့၏စုရုံးခြင်းနှင့်ပတ်သက်သော စေခိုင်း ချက်တို့ဖြင့်ပြည့်ဝနေသည်။ကျွန်ုပ်တို့သည် ဘုရားသခင်၏ပွဲတော်မင်္ဂလာသုံးဆောင်ခြင်း၊ဆုတောင်း ခြင်း၊ဂုဏ်တော်ချီးမွမ်းခြင်း၊မိတ်သာဟာရဖွဲ့ခြင်းတို့ပြုသည့်နည်းတူ၊ဝတ်ပြုကိုးကွယ်ခြင်းကို ဘုရားသခင်၏အဖွဲ့အစည်းထဲတွင် စုရုံးလျက်ရှိသောလူထုပရိတ်သတ်တို့က ဆောင်ရွက်ရပေမည်။သို့သော် ကျွန်ုပ်တို့၏စုရုံးခြင်းသည် ဘုရားသခင်၏အမိန့်တော်ကို ရောင်ပြန်ဟပ်သလော့ သို့မဟုတ် လူတွေကြိုးစားမှုပေါ်တွင် အခြေခံ၍ တုံ့ပြန်ပါသလော ဟူ၍စစ်ဆေးရမည်။

အသင်းတော်၏ဦးခေါင်းသည် မည်သူနည်း။ပေါလုက “သူသည် အသင်းတော်တည်းဟူ သော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။အရာရာ၌ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍သေသောသူတို့ တွင် သားဦးဖြစ်တော်မူ၏။” (ကောလော ၁း၁၈)။ “ခြေဆဝါးတော်အောက်သို့အလုံးစုံတို့ကို ချထားသဖြင့်၊အသင်းတော်အဖို့အလို့ငှါ သူ့ကိုအလုံးစုံတို့၏ အချုပ်အခြာဦးခေါင်းဖြစ်စေတော်မူ၏။ (ဧဖက် ၁း၂၂)။ “မေတ္တာစိတ်နှင့်သမ္မာတရားကိုဟောပြောသဖြင့်၊ဦးခေါင်းတည်းဟူသော ခရစ်တော် မှာအရာရာတို့၌ ကြီးပွါးကြမည်အကြောင်းတည်း။” (ဧဖက် ၄း၁၅)။ “ယောကျာ်း၏ခေါင်းကား ခရစ်တော်ဖြစ်သည်ကိုငင်း၊မိန်းမ၏ခေါင်းက ယောကျာ်းဖြစ်သည်ကိုငင်း၊ခရစ်တော်၊ခေါင်းကားဘုရား သခင်ဖြစ်တော်မူသည်” (၁ကော ၁၁း၃)။အသင်းတော်၏ဦးခေါင်းသည် သင်းအုပ်ဆရာ သို့မဟုတ် သင်းထောက်လူကြီး၊ဂုဏ်းအုပ် သို့မဟုတ် ရာထူးအမြင့်ဆုံး၊ဂုဏ်ချုပ်အုပ် သို့မဟုတ် တမန်တော် များမဟုတ်ပဲ ခရစ်တော်ပင်ဖြစ်သည်။

ထိုနည်းတူ ခရစ်တော်သည် သူ၏ခမည်းတော်ထံဆက်ကပ်ခဲ့သည်။ထိုနည်းတူ မယားသည် လည်း မိမိလင်ထံဆက်ကပ်ရပေမည်။ထိုနည်းတူသားသမီးတို့သည် မိမိမိဘများထံဆက်ကပ်ရမည်။ ထိုနည်းတူ ကျွန်ုပ်တို့သည် အစိုးရအာဏာရှင်များထံဆက်ကပ်ရမည်။ယုံကြည်သူတိုင်းသည်လည်း အရာခပ်သိမ်းတို့၌ ခရစ်တော်ထံသို့ ဆက်ကပ်အပ်နှံရမည်။အများနှင့်ဆိုင်သောကျွန်ုပ်တို့ မိသာ ဟာရဖွဲ့ခြင်းသည် ကျွန်ုပ်တို့လုပ်ဆောင်မှုအားလုံးတို့၌ ဆက်ကပ်အပ်နှံမှုရှိသော ဥပမာကိုပြသရန် လိုအပ်သည်။

သင်းထောက်လူကြီးတို့သည် ဤကဲ့သို့လုပ်ဆောင်နိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ပါသနည်း။ အမှုတော်ထမ်းဆောင်ရာတွင် သင်းထောက်လူကြီးတို့သည် သုံးပါးတဆူတို့၏ ဖွဲ့စည်းပုံကိုကျင့်သုံး ပြီး ဥပမာအားပြသရမည်။သင်းထောက်လူကြီးတို့၏ အရည်အချင်းတို့နှင့်သူတို့၏ လုပ်ငန်းပိုင်းဆိုင်ရာဖော်ပြချက်တို့ကို မှတ်ထားပါ။၁တိ ၃း၁–၇ နှင့် တိတု ၁း၇–၉ ထဲတွင် သင်းထောက်လူ ကြီးတို့သည် သူတို့အိမ်ထောင်မိသားစုကို ကောင်းမွန်စွာအုပ်စိုးနိုင်သူများ မိမိအိမ်ထောင်မိသားစုကို စည်းကမ်းဖြင့် ထိန်းချုပ်ကွက်ကဲနိုင်သူများ မိမိသားသမီးတို့ကို ကောင်းမွန်စွာထိန်းချုပ်နိုင်သူများဖြစ်မည်။၁ပေ ၅း၁–၅ ထဲတွင် သင်းထောက်လူကြီးတို့သည် ဥပမာပြသ၍ ဦးဆောင်ရမည်။အတင်း အဓမ္မမအုပ်စိုးသင့်ပေ။သင်းထောက်လူကြီးတို့သည် မိမိမိသားစုအပေါ်သစ္စာရှိစွာဖြင့် ဆက်ကပ်အုပ် စိုး၍ ဥပမာပြသသည့်နည်းတူ၊သူတို့၏သစ္စာရှိသော ဆက်ကပ်မှုအားဖြင့် အမှုတော်ဆောင်ရပေမည်။သူတို့သည် အဖွဲ့အစည်းပေါ်တွင် သခင်အဖြစ်ဦးဆောင်ရန်မဟုတ်ပေ။သူတို့သည် ဘုရားသ ခင်၏ဥပမာကို လိုက်နာရမည်။သူတို့သည် ဆက်ကပ်နံ့သောအသက်တာကိုဥပမာပြ၍ ဦးဆောင် ရပေမည်။

ကောရိန္တုသြဝါဒစာပဌမစောင်ထဲတွင် အမိန့်ပေးချက်အားလုံးတို့သည် ဘုရားသခင်၏အမိန့် တော်ကို ပရိတ်သတ်ရှေ့၌ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ဖော်ပြခြင်းဖြစ်သည်။မူးယစ်ဆေးဝါးမ သောက်သုံးရပေ။တခြားလူတွေမရောက်မီ အစားအသောက်မသုံးဆောင်ရ။ခေါင်းကိုခြုံရ၏။အမျိုးသမီးများတိတ်ဆိတ်စွာနေရမည်။ ယောက်ျားတို့က ဦးဆောင်ရမည်။ ဆုကျေးဇူးများနှင့်ပတ်သက်သော ညွှန်ကြားချက်နှင့်ပွဲတော်မင်္ဂလာနှင့်ပတ်သက်သောအရေးကြီးသည့်ညွှန်ကြားချက် စသည်တို့ကို ဘုရားသခင်၏ အမိန့်တော်အဖြစ်ရည်ရွယ်ချက်ထား၍ တိုက်တွန်းထားပါသည်။ဤအရာအားလုံးတို့ သည် ဘုရားသခင်၏ပညတ်တော်များဖြစ်သည့်နည်းတူ ဤအရာများတို့သည် ယဉ်ကျေးမှုဓလေ့ထုံး စံနှင့်အချိန်ပေါ်မူတည်၍ အသုံးပြုဖို့ရန်မဟုတ်ပေ။သို့သော်ငင်းတို့အားလုံးသည် မိမိကိုယ်ကိုဆက် လက်ဆက်ကပ်အပ်နံ့ရန်အတွက်တင်ပြထားခြင်းဖြစ်သည်။တူညီသော်လည်း နာခံခဲ့သည်။

*(Equal But Submitted)*

ခမည်းတော်၊သားတော်နှင့်သန့်ရှင်းသော ဝိညာဉ်တော်တို့သည် ပြည့်စုံသောအဖွဲ့အစည်းအ ဖြစ် မရေတွက်နိုင်သောအတိတ်ကာလမှတည်ရှိခဲ့ပြီးဖြစ်သည်။ခမည်းတော်နှင့်မိတ်သာဟာရဖွဲ့ဖို့ရန် အတွက် ကျွန်ုပ်တို့ကိုဖန်ဆင်းထားခြင်းဖြစ်သည်။အပြစ်သည် ထိုမိတ်သာဟာရဖွဲ့ခြင်းကို ဖျက်ဆီး ပြီး၊ပြီးပြည့်စုံမည့်အစား ကျွန်ုပ်တို့နေထိုင်သော လောကကြီးသည်ဝဂုန်းသုန်းကားဖြစ်ကာ သေခြင်းနှင့်ပဲပြည်စုံနေပါသည်။သားတော်သည် ခမည်းတော်အားနာခံခြင်းအားဖြင့် ကားတိုင်ပေါ်တွင်အသေ ခံခဲ့သည်။ထို့ကြောင့် ကျွန်ုပ်တို့သည်ခမည်းတော်နှင့်အတူပြန်လည်၍ မိတ်သာဟာရဖွဲ့ခွင့်ရရှိပါ သည်။သူ၏ပုံသဏ္ဍာန်တော်အတိုင်းပုံသွင်းနိုင်ရန်အတွက် ကျွန်ုပ်တို့ကိုကြိုတင်ခွဲခန့်ထားခြင်းဖြစ် သည်။မျက်ဝါးထင်ထင်မြင်နိုင်ခြင်းကတော့ ခမည်းတော်ကသုံးပါးတစ်ဆူကဲ့သို့ အလုပ်လုပ်နိုင်ရန် အတွက် မိသားစုကိုဖန်ဆင်းထားခြင်းဖြစ်သည်။ဦးခေါင်းတစ်ခုတည်းရှိသည်။၎င်းသည်လင်ယောက်ျား ပင်ဖြစ်သည်။တဖန်ဘုရားသခင်က အစိုးရအာဏာရှင်များဖန်ဆင်း၍ ထိုသူတို့ထံသို့ ဆက်ကပ်နာခံ ရန် ကျွန်ုပ်တို့ကိုတိုက်တွန်းထားပါသည်။ပင်တေဂုတ္တေနေ့တွင် အသင်းတော်ဖွားမြင်ခဲ့သည်။အသင်း

တော်သည်လည်းမိသားစုပမာ၊သုံးပါးတစ်ဆူပမာ လုပ်ဆောင်ရပေမည်။ဘုရားသခင်၏ဖွဲ့စည်းတည် ဆောက်ပုံသည် သုံးပါးတစ်ဆူ၊မိသားစု၊အစိုးရအဖွဲ့အစည်းနှင့်အသင်းတော်တို့၌ တွေ့ရှိနိုင်သည်။

***- Mike Indest.***

**အပိုင်း (၂)** *(Part Two)*

**အသင်းတော်၌ ဘုရားသခင်၏ ဖွဲ့စည်းပုံဥပမာ**

*(An Example of Divine Order In The Church)*

၁ကော ၁၄း၃၃(ခ)–၃၅ ကို တိကျစွာ အသက်တာ၌အသုံးချခြင်းသည် စိန်ခေါ်တစ်ခုပင် ဖြစ်သည်။အထူးသဖြင့်၊အပြန်အလှန်အကျိုးသက်ရောက်မှုဖြစ်စေသော အိမ်မိသားစုအသင်းတော်၌ တွေ့ဆုံတက်ရောက်သူများအတွက် စိန်ခေါ်မှုဖြစ်သည်။ကျမ်းချက်ကို ကြည့်ကြပါစို့။ "ဘုရားသခင် သည် ရုန်းရင်းခတ်သောအမှုကို ပြုစုတော်မမူ။သန့်ရှင်းသူတို့၏ အသင်းတော်၌တိတ်ဆိတ်စွာနေ ကြစေ။သူတို့သည်ဟောပြောရသော အခွင့်မရှိကြ။ပညတ်တရားစီရင်သည် အတိုင်းသူတို့သည် ယောကျ်ားအုပ်စိုးခြင်းကိုဝန်ခံရကြမည်။မိန်းမတို့သည် တစုံတခုကိုသင်လိုလျှင်၊အိမ်၌ မိမိခင်းပွန်း တို့ကိုမေးမြန်းကြစေ။မိန်းမသည် အသင်းတော်၌ဟောပြောလျှင် ရှက်ဘွယ်သောအကြောင်းဖြစ်၏။ (၁ကော ၁၄း၃၃–၃၅).

ဤဖော်ပြချက်သည် အသင်းတော်အပတ်တိုင်းကျင့်သုံးရမည့်တရားဖြစ်သည့်နည်းတူ ဤ အကြောင်းအရာကို နက်ရှိုင်းစွာဖြင့်ဖြစ်စေ၊ရိုသားစွာဖြင့်ဖြစ်စေ၊စဉ်စားအသုံးချတတ်ဖို့ လိုအပ်သည်။ ဤအကြောင်းကို အဓိပ္ပာယ်ရှင်းပြဖို့ရန်အတွက်ကြိုးစားခြင်းမပြုမီ လုပ်ဆောင်ရမယ့်အရာသည် ဤ အကြောင်းအရာ၏ ဖော်ပြချက်ကိုဦးစွာလေ့လာရန်လိုအပ်သည်။

ပထမနေနဲ့ ဤအကြောင်းအရာ၏သွန်သင်လိုသောအရာသည် နေရာတိုင်းတွင်ရှိသော ပရိ သတ်အားလုံးနှင့်သက်ဆိုင်သည်။အထူးသဖြင့် အသင်းတော်၌ အမျိုးသမီးများတိတ်ဆိတ်စွာနေခြင်း နှင့်ပတ်သက်၍ ၁ကော ၁၄း၃၃(ခ) ထဲ၌ ပေါလုတောင်းဆိုချက်ဖြစ်သော "ယုံကြည်သူအားလုံးစု ရုံးသော နေရာတိုင်း၌" ဟူသော ဖော်ပြချက်ကိုအားနှင့်သက်ဆိုင်သည်။ဤကဲ့သို့ထင်ရပေသည်။ ပေါလုသည် အမျိုးသမီးများအတွက် ဖော်ပြချက်ဟူသမျှသည် လူသားအားလုံးလုပ်ဆောင်ရန်အ တွက်ဖြစ်သည်။ထပ်မှန်၍ ပေါလုကအမျိုးသမီးများသည် "အသင်းတော်များ၌" တိတ်ဆိတ်စွာနေရ မည်။အများကိန်းကိုအသုံးပြုထားသည်။(၁၄း၃၄)။သမ္မာကျမ်းစာထဲ၌ ယေဘုယျအားဖြင့် အတွေး ပညာကိုသုံး၍ ထိုမြို့တွင်ရှိသော အသင်းတော်များကို

ဆိုလိုသည်ဟုပြောနိုင်သည်။သို့သော် “အ သင်းတော်များ” ဟု အသုံးချရာတွင် ထိုအချိန်၌ တည်ရှိခဲ့ပြီးသော တခြားနေရာ၌ရှိသော အသင်း တော်အားလုံးကို ဆိုလိုခြင်းဖြစ်သည်ဟု အများကိန်းကို အသုံးပြုခြင်းဖြင့် ငြင်းဆိုဖွယ်မရှိပေ။

ဒုတိယအနေဖြင့်၊ဤအကြောင်းအရာသည် ဝိညာဉ်တော်မှတ်သွင်းခြင်းမပါသော ပေါလု၏ အတွေးအခေါ်သက်သက်မဟုတ်ပေ။အသင်းတော်စုရုံးခြင်း၌ တဦးနှင့်တစ်ဦးအပြန်အလှန်အားပေး တိုက်တွန်းသည့်အခါ အမျိုးသမီးများ၏အခန်းကဏ္ဍကို ညွှန်ကြားရာတွင် ဆန့်ကျင်ဘက်တချို့ရှိနိုင်ဖွယ်ရှိသည်။ပေါလုက စာရှုသူတို့ကို အမိန့်ပေးရာတွင် ဤကဲ့သို့မိန့်ကြားထားသည်။ “ငါသည် သင်တို့အားရေး၍ ပေးလိုက်သောစကားတို့သည် သခင်ဘုရား၏ပညတ်တော်ဖြစ်ကြောင်းကို ပရော ဖက်ဖြစ်သောသူ ဝိညာဉ်ဆုကျေးဇူးကိုခံရသောသူ မည်သည်ကားဝန်ခံစေ။တစုံတယောက်သောသူ သည် မသိလျှင်မသိဘဲနေစေ။” (၁၄း၃၇)။ထို့နောက်သူက “အချုပ်အခြာဟူမူကား၊ညီအစ်ကိုတို့သင် တို့သည် ပရောဖက်ပြုခြင်းငှါ အလွန်အလိုရှိကြလော့” (၁၄း၃၈)။ထို့ကြောင့် ဤကျမ်းပိုဒ်ကို ဘယ် လိုအနက်ဖွင့်နေပါစေ။၎င်းသည်ပေါလု၏ အတွေးခေါ်သက်သက်မဟုတ်ပေ။ဤတကားသည် ဘုရားသခင်၏ပညတ်တော်ပင်ဖြစ်သည်။ကျွန်ုပ်တို့ ဤအကြောင်းကို လှစ်၍မထားနိုင်ချေ။

တတိယအနေဖြင့် တိတ်ဆိတ်ဟူသော စကားလုံးသည် Sigao မှ ဆင်းလာသည်။အဓိပ္ပါယ် သည်စကားပြောခြင်းအားဖြင့်ဖြစ်စေ တခြားအမှုအရာများပြုခြင်းအားဖြင့်ဖြစ်စေ လုံးလုံးလျားလျား မပြုခြင်းပင်ဖြစ်သည်။ဤစကားလုံးကို ၁ကော ၁၄ ထဲ၌ရှိသော တခြားနေရာများတွင် မည်ကဲ့သို့အသုံးပြုသည်ကို ကွက်ကွက်ကွင်းကွင်းသိရှိရန်လိုအပ်သည်။(Sigao, ၁၄း၂၈) တခြားသော ဘာသာ စကားပြောသောသူသည် အနက်ဖွင့်သောသူမရှိလျှင်တိတ်ဆိတ်စွာနေရန် ပေါလုကညွှန်ကြားထားပါ သည်။(Signao ၁၄း၃၀) တစုံတယောက်သောသူထံသို့ ဗျာဒိတ်ရူပါရုံရှိလျှင် ပရောဖက်ပြုသူတို့ သည် ရပ်တန့်ရပေမည်။အသင်းတော်အတွက်ဖော်ပြထားချက်တို့သည် တခြားဘာသာစကားပြော သောသူအားဖြင့်မဟုတ်ပေ။ပတ်ဝန်ကျင်တခု၌ရှိသော ပရောဖက်များအားဖြင့်မဟုတ်ပေ။ထို့ကြောင့် အမျိုးသမီးများအတွက်မှန်ကန်သော အသုံးချမှုပြုသည့်အခါတိုင်း အသင်းတော်၌ စုရုံးလျက်ရှိသော အမှုတော်ဆောင်အမျိုးသမီးများ ညွှန်ပြခြင်းမဟုတ်သည်ကို နေရာများစွာ၌ တွေ့ရှိနိုင်သည်။ဤ ပညတ်ချက်အတွက် ရေးကြီးဆုံးအချက်သည် အသင်းတော်ဝတ်ပြုကိုးကွယ်ခြင်း၌ အမျိုးသမီးတို့ သည် တိတ်ဆိတ်စွာနေရန်ဖြစ်ပါသည်(၁၄း၃၄)။

စတုတ္ထအနေဖြင့် ဤကျမ်းပိုဒ်တလျှောက်လုံးသည် အပတ်တိုင်းဘုရားသခင်၏ နေ့ရက်အ သင်းတော်ဝတ်ပြုကိုးကွယ်ခြင်း၌ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ခွန်အားပေးခြင်းနှင့်ပတ် သက်သော ဖွဲ့စည်းမှုနှင့်သက်ဆိုင်သည်။(၁ကော ၁၄း၄၀)။အပတ်တိုင်းအသင်းတော်စုရုံးခြင်း၏ အဓိကရည်ရွယ်ချက်သည် ဝိညာဉ်ရေးရာ၌ တိုးတက်ရေးအတွက် ကူညီဖေးမရန်ဖြစ်သည်။(၁ကော ၁၄း၄–၅၊၁၂၊၂၁၆ ဟေဗြဲ ၁၀း၂၄–၂၅)။ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦးထူမတည်ဆောက်ပေးနိုင်သော အခြေခံနည်းစနစ်သည် ပွဲတော်မင်္ဂလာတွင် ဝလျှင်စွာသုံးဆောင်ခြင်းဖြင့် မိတ်သာဟာရဖွဲ့ခြင်းပင်ဖြစ်သည်။(၁ကော ၁၁(ခ))။ကြီးမားသောညစာ သုံးဆောင်သည့်နည်းတူ ဤအချိန်သည်လူပေါင်း များစွာ ကယ်တင်ခြင်းရရှိသော အချိန်ဖြစ်၍ထိုနေရာတွင် လူမျိုးခွဲခြားမှုမရှိပေ။အမျိုးသားအမျိုးသမီး မရွေး လွတ်လပ်စွာပြောဆိုပြီး အေးအေးဆေးဆေးအနားယူကာ ၎င်းညစာကိုပျော်ပါးစွာ သုံးဆောင် ခြင်းဖြင့် မိတ်သာဟာရဖွဲ့ကြသည်။ကနဦးအသင်းတော်တွင် သူတို့သည်ပွဲကိုအတူတကွ သုံးဆောင် မိတ်သာဟာရဖွဲ့ခြင်းဖြင့်

ရင်းနှီးကျွမ်းဝင်မှုရရှိပြီး၊ပြီးနောက်ဒုတိယအနေဖြင့် တွေ့ဆုံခြင်းအစည်းအဝေးအစပြုခဲ့ကြသည်။၎င်းဒုတိယအဆင့်ကို ကောရိန္တုသြဝါဒစာပဌမစောင် ၁၄ ထဲတွင်ဖော်ပြထားပါသည်။ဤအချိန်သည် ဆုံးမသွန်သင်ခြင်း၊ဂုဏ်တော်ချီးမွမ်းခြင်း၊သက်သေခံခြင်းစသည်တို့ကို ပြုရမည့်အချိန်ဖြစ်သည်။ဝတ်ပြုကိုးကွယ်ခြင်းနှင့်ပတ်သက်၍ အတွေးလွန်တချို့က ဤတင်ပြထားချက် တို့သည် လူထုပရိတ်သတ်များထဲ၌ရှိသောလူပုဂ္ဂိုလ်တချို့ကို ညွှန်ပြခြင်းဖြစ်သည်ဟု ခံယူကြသည်။တခြားအားလုံးကတိတ်ဆိတ်စွာနားထောင်ရမည်။စကားပြောဆိုခြင်းသည် "တကြိမ်တည်း" (၁၄း၂၇)၊ "အလှည့်ကျ" (၁၄း၃၁)ဖြစ်ရမည်။ထို့ကြောင့် ဤကျမ်းပိုဒ်ထဲတွင် ဖော်ပြထားသောတိတ်ဆိတ်ခြင်း၏ အဓိပ္ပါယ်သည် လူတဦးတစ်ယောက်က လူတွေစုရုံးလျက်ရှိသော ပရိတ်သတ်ရှေ့ မှောက်၌ စကားပြောဆိုသောအခါ သူ့ကိုရိုသေလေးမြတ်ခြင်းအားဖြင့် တိတ်ဆိတ်စွာနေခြင်းဖြစ် သည်။ထို့ကြောင့် သေခြာစွာစဉ်းစားပါက ၎င်း၏အဓိပ္ပါယ်သည် ပရိတ်သတ်စည်းဝေးထဲ၌ သီချင်း ဆိုခြင်း၊အဖွဲ့လိုက်အပြန်အလှန်ဖတ်ကြားခြင်းတို့ကိုရပ်တန့်ရန်မဟုတ်ပဲ၊လူနှစ်ယောက်တိတ်ဆိတ်စွာ စကားပြောခြင်းလည်းမဟုတ်ပေ။တိတ်ဆိတ်စွာ နေခြင်းသည်ပွဲတော်မင်္ဂလာသုံးဆောင်ရာတွင် လည်းအသုံးချရန်မဟုတ်ပေ(၁ကော၊ ၁၁း၁၇–၃၅) ပဥ္စမအနေဖြင့်၊လူထုပရိတ်သတ်များစုရုံးသော အခါ ပရိတ်သတ်များရှေ့မှောက်၌ အမျိုးသမီးများစကားမပြောဆိုပဲတိတ်ဆိတ်စွာနေရန်တောင်းဆို သောအခါသူတို့၏ အစွမ်းအစ၊ဝိညာဉ်ဆုကျေးဇူးနှင့်ဝိညာဉ်ပိုင်းဆိုင်ရာနှင့်မသက်ဆိုင်ပေ။သို့သော် ဘုရားသခင်၏ပညတ်တော်၊ဘုရားသခင်ကိုနာခံခြင်းနှင့်ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်ဖို့ရန်အတွက် တခြားလူတွေကို ပဌမနေရာတွင်ထားရှိခြင်းကိုဆိုလိုသည်။ဥပမာအားဖြင့် ညီအစ်ကိုတစ်ယောက်သည် ဝတ်ပြုအစည်းအဝေး၌ တခြားဘာသာစကားပြောဆိုရန် ပြင်ဆင်ထားပြီး ဘာသာ ပြန်မည့်သူမရှိပါက သူဆုကျေးဇူးကို အသုံးမပြုအပ်ပေ။ပရောဖက်တယောက်သည် ဘုရားသခင်ထံ မှလာသော စစ်မှန်သည့်နှုတ်ထွက်စကားတော်နှလုံးသားမှရှိရန်လိုအပ်သည်။သို့သော်တခြားသော သူတစ်ဦးထံသို့ ဗျာဒိတ်တော်ရောက်လာပါက အထက်ကဖော်ပြသော ညီအစ်ကို၏ပရောဖက်ပြုခြင်း ကိုရပ်တန့်ရမည်။ထိုနည်းတူ၊ခရစ်ယာန်အမျိုးသမီးတို့သည် တချို့သောနေရာတို့တွင် တိတ်ဆိတ် ရန်ကန့်သတ်ထားပါသည်။

**အမြင်နှစ်မျိုး** *( Two View)*

ဤစာအုပ်ရေးသားပြုစုသူများကြားထဲတွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ အဓိပ္ပါယ် ဖွင့်ဆိုချက်နှစ်မျိုးကို တွေ့ရှိနိုင်ပါသည်။ပဌမအချက်သည် တရားစီရင်ခြင်း၌ တိတ်ဆိတ်စွာနေရန် ဖြစ်သည်။အမျိုးသမီးတို့သည် တကယ်တန်းကျတော့အသင်းတော်ဆုရုံးခြင်း၌ စကားပြောနိုင်သည်။ သို့သော် သူတို့သည်ပုရောဖက်ပေးချက်အပေါ်နှုတ်ဖြင့် တရားမစီရင်အပ်ပေ။ဤအမြင်အရ အသင်း တော်စုရုံးခြင်း၌ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဆွေးနွေးတိုင်ပင်သည့်အချိန်တွင် ပုရောဖက်ပြုချက် အပေါ်တရားစီရင်ခြင်းကို တိတ်ဆိတ်စွာနေရန် ဖြစ်သည်။တခြားအမြင်သည် ပရိတ်သတ်အများရှေ့ တွင်စကားပြောခြင်းကို မပြုရန်ဖြစ်သည်။၎င်းအမြင်သည် သမ္မာကျမ်းစာတော်သွန်သင်သည့်အ တိုင်း ၁ကော ၁၄ ထဲ၌ဖော်ပြထားသောအမျိုးသမီးများကိုရည်ညွှန်းချက်သည် ပရိတ်သတ်စည်း ဝေးခြင်းကို ကန့်သတ်ထာခြင်းမဟုတ်ပေ။

တရားစီရင်ခြင်း၌ တိတ်ဆိတ်စွာနေခြင်းသည် ယနေ့မျက်မှောက်ကာလအသင်းတော်တွင် အလွန်ခေတ်စားလျက်ရှိသည်။သမိုင်းအရ ပရိတ်သတ်ရှေ့၌ စကားပြောရန်တားမြစ်ခြင်းကို ယနေ့ ထိတိုင်အောင်ဆက်လက် ကျင့်သုံးနေဆဲပင်ဖြစ်သည်။ဤစာအုပ်ရေးသားပြုစုသူအားလုံးတို့၏ သ ဘောတူညီချက်သည် ဘုရားသခင်ကယောကျ်ားနှင့်မိန်းမကို အမှုတော်ထမ်းဆောင်ရာတွင် ခြားနား စွာလုပ်ဆောင်ရန် ရည်ရွယ်၍ခြားနားစွာဖန်ဆင်းထားခဲ့သည်။လူတိုင်းသည် အင်္ဂါချင်းခြားနားသော် လည်း ဘုရားသခင်၏သာသနာလုပ်ငန်းနှင့်ရွေးကောက်ခြင်းအတွက် သူ့နေရာနှင့်သူအသုံးဝင် သည်။ယောကျ်ားနှင့်မိန်းမတို့သည် ဘုရားသခင်ဘိသိက်ပေးသည် ကဏ္ဍအတိုင်းတစ်ဦးနှင့်တစ်ဦးကူ ညီဖေးမရန်ဖြစ်သည်။

## **တရားစီရင်ခြင်း၌ တိတ်ဆိတ်ခြင်း** *(The Silent in Judgent View)*

တရားစီရင်ခြင်း၌ တိတ်ဆိတ်စွာနေခြင်းကို လက်ခံကျင့်သုံးသောသူတို့သည် ကောရိန္သုဩ ဝါဒစာပထမစောင် ၁၄း၃၃(ခ)–၃၅ (တိတ်ဆိတ်စွာနေရန်)ကို ၁၄း၂၉–၃၃(က)ထဲတွင် ဖော်ပြထား သော အမျိုးမျိုးသောပုရောဖက်ပြုခြင်းကို တရားစီရင်ခြင်းဖြစ်သည်ဟု ခံယူတတ်ကြသည်။၁၄း၂၉ (က) ထဲတွင် ပုရောဖက်ပြုသူနှစ်ဦး(သို့)သုံးဦးရှိမှသာ ပုရောဖက်ပြုရ၏ဟု ပညတ်ထားပါသည်။ ထို့ပြင်ပုရောဖက်ပြုသူတို့အတွက် စည်းကမ်းချက်တို့ကို ၁၄း၃၀–၃၃ (က)ထဲတွင်ချမှတ်ပေးထား သည်။ပုရောဖက်ပြုသူများအပေါ် တရားစီရင်ခြင်းကို ၁၄း၃၀(ခ)–၃၅ ထဲတွင် ပေါလုကထပ်မံဖော် ပြထားသည်။ထို့နည်းတူ တခြားသောဘာသာစကားပြောသောသူတို့သည်လည်း တချို့သောအသိုင်း အဝိုင်းတွင်ပါးစပ်ပိတ်ရန်လိုအပ်လျက်ရှိသည်။(၁၄း၂၈–ဥပမာအားဖြင့် တခြားသောဘာသာစကား ပြောဆိုသောအခါ ဘာသာပြန်သူမရှိလျှင် တခြားသောဘာသာစကားပြောခြင်းနှင့်သာ သက်ဆိုင် သည်)။ထို့ပြင် ပုရောဖက်ပြုသူတို့သည်လည်း တချို့သောအသိုင်းအဝိုင်းတွင် တိတ်ဆိတ်စွာနေရန် လိုအပ်သည်။(၁၄း၃၀–ဥပမာအားဖြင့် တခြားသောပုရောဖက်ပြုသူက ဗျာဒိတ်ရရှိခဲ့ပါက ပုရောဖက် ပြုခြင်းရပ်သင့်/မရပ်သင့်နှင့်သာ သက်ဆိုင်သည်)။ထို့နည်းတူမိန်းမတို့သည်လည်း တချို့သောအ သိုင်းအဝိုင်းတွင် တိတ်ဆိတ်စွာနေရမည်။(၁၄း၃၃(ခ)–၃၅ ဥပမာပုရောဖက်ပြုချက်တို့ကို တရားစီ ရင်ခြင်းနှင့်သာ သက်ဆိုင်သည်)။

အမျိုးသမီးများအသင်းတော်၌ ပုရောဖက်ပြုခြင်းတရားစီရင်ခြင်းသည် ဩဇာအာနာကို ပြသခြင်းဖြစ်သည်။ထို့ကြောင့် ထိုကဲ့သို့ပြုခြင်းသည် သမ္မာကျမ်းစာထဲ၌ တွေ့ရသော(၁တိ ၂း၁၁ –၁၃) ဆက်ကပ်အပ်နှံရန်တောင်းဆိုမှုကို ပုန်ကန်ထားပါသည်။ဤကျမ်းပိုဒ်၌ ဖော်ပြထားသော အမျိုးသမီးများတိတ်ဆိတ်ခြင်းအားဖြင့် ဆက်ကပ်အပ်နှံခြင်း(၁၄း၃၄)နှင့်ပတ်သက်၍ ပေါလုကမည် ကဲ့သို့ထပ်ဖော်ပြထားသည်ကို မှတ်ထားပါ။အမျိုးသမီးများတိတ်ဆိတ်စွာနေခြင်းအတွက် ပေါလုဖော် ပြထားခြင်းသည် ဩဇာအာနာအသုံးပြုမှုနှင့်သက်ဆိုင်သည်။ထိုနည်းတူစွာ အမျိုးသမီးများသည် ဉာဏ်စမ်းမေးခွန်းထုပ်ရန်နှင့်သူတို့၏ ခံယူချက်နှင့်ပတ်သက်၍ ပုရောဖက်ပြုသူများအပေါ် မေးခွန်း ထုပ်ရန် ဩဇာအာနာမရှိသင့်ပေ။ထိုကဲ့သို့ပြုလျှင် ပုရောဖက်ပြုသူများအပေါ်သူတို့သည် ဩဇာအာ နာထားရှိခြင်းဖြစ်သည်။ထိုသို့ ပြုရမည့်အစားသူတို့သည် ဝတ်ပြုခြင်းပြီးဆုံးသွားပြီးနောက် အိမ် တွင်မိမိခင်ပွန်းသည်တွေကို မေးသင့်သည်။အဘယ်ကြောင့်ဆိုသော် တချို့သောပုရောဖက်ပြုချက်တို့ သည်

စိတ်ခေါ်မှုမရှိပဲနေတတ်သည်(၁၄း၃၅)။ကောရိန္သုဩဝါဒစာပဋမစောင် ၁၁(မိန်းမများပုရောဖက်ပြုခြင်း)ကို အသင်းတော်၌ ကန့်သတ်ထားခြင်းဖြစ်သည်ဟု တရားစီရင်ခြင်းနှင့်ပတ်သက်အ မြင်ကို ဆုပ်ကိုင်သောသူတို့သည် အသင်းတော်ဝတ်ပြုခြင်းတွင် တစ်ဦးနှင့်တစ်ဦးအကျိုးပြုထား သည်။အဘယ်ကြောင့်ဆိုသော် အောက်တွင်ဖော်ပြထားသော ကျမ်းပိုဒ်(၁၁း၁၇–၃၄ ပွဲတော်မင်္ဂလာ နှင့်ပတ်သက်သည့် အကြောင်းအရာ)၏ညွှန်ကြားချက်တို့သည် အသင်းတော်ဝတ်ပြုခြင်း၌ ယုံကြည် သူအားလုံးဝိုင်းဝန်းပါဝင်ရန်အတွက် ဖော်ပြထားသောကြောင့်ဖြစ်သည်။ထို့ကြောင့် ကောရိန္သုဩဝါဒ စာပဋမစောင် ၁၁း၂ထဲတွင် ကောရိန္သုမြို့၌ရှိသော ယုံကြည်သူတို့သည် သူတို့၏မှန်ကန်စွာဖြင့်ဝတ် ပြုကိုးကွယ်ခြင်းများအတွက် ချီးမွမ်းခြင်းကိုခံရပြီး ကောရိန္သုဩဝါဒစာပဋမစောင် ၁၁း၇ထဲတွင် သူတို့၏မှားယွင်းစွာဖြင့် ဝတ်ပြုကိုးကွယ်ခြင်းများအတွက်ပြစ်တင်ဝေဖန်ခြင်းခံခဲ့ရသည်။ကောရိန္သုဩ ဝါဒစာပဋမစောင် ၁၁း၂–၁၆(အမျိုးသမီးများဆုတောင်းခြင်းနှင့်ပုရောဖက်ပြုခြင်း)နှင့် ကောရိန္သုဩ ဝါဒစာပဋမစောင် ၁၄း၃(ခ)–၃၅ (အမျိုးသမီးများစကားမပြောခြင်း)တို့ကြားဆန့်ကျင်ဖက်ရှိပုံပေါ် ခြင်းကို အခြေနေပေါ်မူတည်၍ ဖော်ပြထားသောကောရိန္သုဩဝါဒစာပဋမစောင် ၁၄း၃၃(ခ)–၃၅ ၌ ဖော်ပြထားသောတိတ်ဆိတ်ခြင်းကို သိရှိနားလည်ခြင်းက ၎င်းပြဿနာကိုဖြေရှင်းပေးပါသည်။အမျိုး သမီးတို့သည် သူတို့၏တင်ပြမှုများကို "နာခံခြင်း" (၁၄း၃၄)ရှိပါက စကားပြောနိုင်သည်။သို့ရာ တွင်အမျိုးသမီးများသည် အစည်းအဝေး၌သူတို့၏ တင်ပြချက်ကိုပုရောဖက်ပြုချက်ပေါ်တွင် တရား စီးရင်ခြင်းလုံးလုံးလျားလျားဖြစ်ပါက ထိုကဲ့သို့သောအခြေအနေမျိုးတွင် သူတို့သည်တိတ်ဆိတ်စွာ နေရမည်။ထိုကြောင့် အမျိုးသမီးတို့သည် တခါတရံတိတ်ဆိတ်စွာနေရမည်ဖြစ်သည်။သို့သော် အမြဲ တမ်းမဟုတ်ပေ။

### လူထုပရိတ်သတ်များကြားထဲ၌ တိတ်ဆိတ်စွာနေခြင်း

*(The Silent in Public Speaking View)*

လူထုပရိတ်သတ်များကြားထဲ၌ တိတ်ဆိတ်စွာနေခြင်းတို့က ကောရိန္သုဩဝါဒစာပဋမစောင် ၁၄း၃၃(ခ)–၃၅ထဲ၌ ဖော်ပြထားချက်တို့ကို ဆုတ်ကိုင်ထားသည်ကို မှတ်သားထားသင့်သည်။ဤပုံ ဆောင်ချက်သည် ရှင်းလင်းပြတ်သားပါသည်။ပြီးနောက် အထက်တွင်ဖော်ပြထားခဲ့သည့်အတိုင်း ဂရိစကားလုံး(sigso)၏ စစ်မှန်သောအဓိပ္ပါယ်သည်ဆွံ့အနေသူဟုအဓိပ္ပါယ်ရသည်။ပေါလုက "တိတ် ဆိတ်ခြင်းဟူသော စကားလုံးကိုတခြားနေရာတွင် hesuchia အသုံးပြုထားပါသည်။၎င်း၏အဓိပ္ပါယ် သည် အေးဆေးတိတ်ဆိတ်စွာနေခြင်း တည်ငြိမ်ခြင်းနှင့်ရပ်တန့်ခြင်းဖြစ်သည်။သို့သော် ဆွံ့အခြင်း မဟုတ်ပေ။(၂သက် ၃း၁၂၊ ၁တိ ၂း၂၊ ၁၁–၁၂ တို့ထဲတွင် ရှိသော အသုံးနှုန်းကိုကြည့်ပါ)။ထို့ပြင် "အမျိုးသမီးတို့သည့်အသင်းတော်များတွင် တိတ်ဆိတ်စွာနေရမည်" ဟူသောအဓိပ္ပါယ်ကိုကြားနာသူ တချို့တို့က အထင်လွဲပါလိမ့်မည်။ထို့ကြောင့် ပေါလုက အမျိုးသမီးတို့သည် "စကားပြောရန်ခွင့်မ ပြုပေ" (၁၄း၃၄) ဟူသော ဖြေရှင်းချက်ကို ထပ်မံထည့်သွင်းထားပါသည်။အမျိုးသမီးတို့သည် တခြားသော ဘာသာစကားပြောဆိုခြင်း ပုရောဖက်ပြုခြင်းတရားစီရင်ခြင်းနှင့်ပတ်သက်၍ စကား ပြောဆိုခြင်းနှင့်သွန်သင်ခြင်းတို့မပြုအပ်ပေဟူ၍ ပေါလုကမကန့်သတ်ခဲ့ပေ။အရည်အချင်းရှိသူသည် ပြောနိုင်သည်ဟူ၍လည်း မပြောခဲ့ပေ။သေချာသော အချက်သည်ပရိတ်သတ်များစုရုံးသော နေရာ တွင်

အမျိုးသမီးတို့သည် စကားတစုံတခုမျှမဖွင့်ဟရန်ဖြစ်သည်။တကယ်တန်းကျတော့သူတို့သည် အသင်းတော်၌ မေးခွန်းတောင်မှမထုတ်အပ်ပေ(၁၄း၃၅)။အဘယ်ကြောင့်ဆိုသော် “မိန်းမသည်အသင်း တော်၌ ဟောပြောလျှင်ရှက်ဖွယ်သော အကြောင်းဖြစ်၏။”

Gordon Fee (in the new International Commentary on the New Testament : The First Epistle To The Corintians) က “စည်းကမ်းချက်” များကို ရှင်းလင်းစွာဖော်ပြထားသော ကြောင့် ဆွေးနွေးငြင်းခုံရန်မလိုအပ်တော့ပေ။၎င်းထဲတွင် အရည်အချင်းသတ်မှတ်ခြင်းမရှိပေ။အရည် အချင်းပေါ်တွင် သတ်မှတ်ထားခြင်းမရှိပဲ အမျိုးသမီးတို့ကို ထပ်မံတားဆီးထားချက်သည် “အမျိုး သမီးတို့” ကို စကားပြောရန် ခွင့်ပြုချက်မရှိပေဟူ၍ ဖြစ်သည်။အမျိုးသမီးများလူထု ပရိတ်သတ် များရှေ့မှောက်၌ စကားပြောနိုင်ရန်အတွက် ဤဖော်ပြချက်ကို အမျိုးမျိုးအဖုံဖုံအနက်ဖွင့်ရန် အလွန် ခဲယဉ်းသည်။အလွယ်ကူဆုံးသော ဝါကျအဖြစ်ဖော်ပြရလျှင် ပရိတ်သတ်များစုရုံးသောနေရာတွင် အမျိုးသမီးများလုံးဝစကားပြောဆိုခြင်းမပြုရန်အတွက် ဖြစ်သည်။” (Grand Rapids: Edrdmans Puboiahing, pp.706-707)။

The Expoaitor's Bible Commentary အနက်ဖွင့်ချက်အရ “အမျိုးသမီးတို့သည် လူထု ပရိတ်သတ်ဝတ်ပြုကိုးကွယ်ခြင်းထဲတွင် စကားမပြောရန်ဖြစ်သည်။(33 b-36)….ဤအမိန့်သည် အလွန်တိကျသည်။အမျိုးသမီးများသည် အသင်းတော်၌လူစုရုံးခြင်းထဲ၌ စကားတခွန်းမျှမပြောရန် ဖြစ်သည်။” (Vol .10, pp. 275-276). 13. B. Warfield က ထပ်မံ၍ “တမန်တော်များ၏ အလျင် ကျသောအမှုတော်ဆောင်ခြင်းသည် အသင်းတော်အားလုံးတွင် အမျိုးသမီးများစကားပြောဆိုခြင်းကို တားမြစ်ရန်ဖြစ်သည်။တမန်တော်တို့သည် ၎င်းထက်ကျော်လွှား၍ တိုက်ရိုက်ပြောဆိုရန် မဖြစ်နိုင် တော့ပေ။အထူးပြု၍လည်းပြောစရာမလိုတော့ပေ။အသင်းတော်ဝတ်ပြုစည်းဝေးခြင်းတို့ ၌ အမျိုးသမီး တို့သည် တိတ်ဆိတ်စွာနေရန်သူက တောင်းဆိုထားပါသည်။အဘယ်ကြောင့်ဆိုသော် အသင်းတော် တို့၌ လုပ်သင့်လုပ်ထိုက်သောအရာသည် ထိုအရာပင်ဖြစ်သည်။ထို့ပြင် အသင်းတော်အဆောက်အ ဦးမရှိသေးပေ။” (“ Women Speaking in the Church ” in The Prestyerian, Oct. 30,1919. pp.8,9).

Southern Baptist theologian John Broadus က ကောရိန္သုဩဝါဒစာပဌမစောင် ၁၄း၃၃– ၃၄ နှင့်တိမောသေဩဝါဒစာမဌမစောင် ၂း၁၁–၁၅ ကို အနက်ဖွင့်ဆိုသောအခါ ဤကဲ့သို့ဖော်ပြ ထားပါသည်။ “တမန်တော်ရှင်ပေါလုတိကျစွာနှင့်ခိုင်မာစွာဖြင့်တားမြစ်ထားသော ဤကျမ်းပိုဒ်နှစ်ခု ထဲတွင် အမျိုးသမီးတို့သည်ယောကျာ်းနှင့်မိန်းမရောထွေးသော ပရိတ်သတ်ရှေ့မှောက်တွင် စကား ပြောနိုင်သည်ဟူ၍ တိုက်တွန်းရန်မလိုအပ်တော့ပေ။တမန်တော်ကြီး၏အမိန့်တော်ပေါ်မူတည်၍ အလွန်ရှင်းလင်းပြတ်သားသောကြောင့် မေးခွန်းထုတ်မေးရန် မလိုအပ်တော့ပေ။ “(Should Women Speak In Mined Public Assemtlies? Pamphlet published by Baptist Book concern, Louisville, 1880).

တစ်ရာခုနှစ်ယဉ်ကျေးမှုလေ့ထုံးစံဆန်းစစ်ပါက အမျိုးသမီးတို့သည်ပရိတ်သတ်ရှေ့မှောက်၌ တိတ်ဆိတ်စွာနေရန် အမှန်တကယ်တားမြစ်ထားသည်ကို သိရှိနိုင်ပါသည်။ဂျူးလူမျိုးတို့၏တရားစ ရပ်များတွင် အမျိုးသမီးတို့သည်ပရိတ်သတ်ရှေ့မှောက်၌ စကားပြောရန်ခွင့်မပြုခဲ့ပေ။ဂရိလူမျိုးလော ကီအထ္ထုပ္ပတ္တိပြုစုသူ Plutarch က အမျိုးသမီးတို့၏ အယဉ်ကျေးဆုံးသောအသံသည် ပရိတ်သတ် ရှေ့မှောက်၌ တိတ်ဆိတ်စွာနေခြင်းဖြစ်သည်။သူတို့ပြောဆိုသော အသံကိုပရိတ်သတ်ကကျပ်လောင် စွာကြားလျှင် ထိုသို့သောအသံကို ကြားရသည့်အတိုင်းသူတို့သည် အရှက်ရသင့်သည်။( Reinecker, Linguistic Key, 438).

Plutarch ၏တင်ပြချက်တို့သည် ထိုအချိန်တွင်ဂရိလူမျိုး/ရောမလူမျိုးတို့အ တွက် စိတ်နာကျည်းဖွယ်ရာဖြစ်လာခဲ့သည်။ထို့ကြောင့်ပေါလုက အမျိုးသမီးများကိုအသင်းတော်၌ တရားဟောရန် အခွင့်ရှိကြောင်းကို ရည်ရွယ်၍ရေးသားခဲ့ပါက ထိုကဲ့သိုသောယဉ်ကျေးမှုဓလေ့ထုံးစံမတူသောစာဖတ်သူများနားလည်သဘောပေါက်ရန်အတွက် သူကအကျယ်ချဲ့၍ရေးသားမည်မဟုတ် လော့။သို့သော် ဓမ္မသစ်ကျမ်းထဲတွင် ထိုကဲ့သို့သောစောဒကတက်ခြင်းမျိုးကို တွေ့ရမည်ဟုတ်ပေ။ အမျိုးသမီးများတိတ်ဆိတ်စွာနေရန် တားမြစ်ခြင်းကိုသာတွေ့ရှိရသည်။ထိုကဲ့သို့တားမြစ်ထားခြင်းသည် ပေါလုခေတ်တွင် ကျင့်သုံးသောယဉ်ကျေးမှုဓလေ့ထုံးစံကြောင့်မဟုတ်ပေ။သို့သော် တကမ္ဘာ လုံးတွင်ကျင့်သုံးသောအသင်းတော်အားလုံးတို့အတွက်နှင့်ပောဖြံကျမ်းစားအပေါ်မူတည်၍ ပညတ် ထားခြင်းဖြစ်သည်။( “as the law says”, 14:34). ဂလာတိ ၃း၂၈ ထဲတွင် ပေါလုကယောက်ျား၊ မိန်းမတို့၏ အရည်းအချင်းကိုသေချာစွာဖြင့် ထည့်သွင်းတင်ပြထားပါသည်။(in contrast with first – century culture).သို့သော် သူကမယားသည်မိမိယောက်ျား၏ အုပ်စိုးမှုအောက်တွင် နေသင့် ကြောင်းကိုထပ်မံ၍ ဖော်ပြထားပါသည်။(၁ကော ၁၁–၁၄း၃၄၊ဧ ၅း၂၂)။ထို့ကြောင့် အသင်းတော်၌ ဦးဆောင်သူတို့သည်ယောက်ျားများဖြစ်သင့်ပါသည်(၁တိ ၂း၁၁–၁၃၊ ၁တိ၊၃၊တိ၊ ၁)။

ကောရိန္သုဩဝါဒစာပဋ္ဌမစောင် ၁၄ထဲ၌ရှိသော အချင်းချင်းတွေ့ဆုံခြင်း၌ အမျိုးသမီးများ တိတ်ဆိတ်စွာနေခြင်း၏ ရည်ရွယ်ချက်သည်အဘယ်နည်း။ကျမ်းပိုဒ်ဖော်ပြချက်အရ သူတို့၏တိတ် ဆိတ်ခြင်းသည် နာခံခြင်းပုံစံဖြစ်သည်။“အမျိုးသမီးများသည်ပရိတ်သတ်ရှေ့မှောက်၌ စကားပြောဆို ရန် ခွင့်မပြုပဲပညတ်တော်ပြောသည့်အတိုင်း နာခံခြင်းရှိရမည်ဖြစ်သည်။” ဓမ္မဟောင်းထဲ၌ ဖော်ပြထားသော ပညတ်တော်ကအသင်းတော်စည်းဝေးခြင်းတို့၌ အမျိုးသမီးများတိတ်ဆိတ်စွာ နေ ရန်တားမြစ်ထားခြင်းမရှိပေ။သို့သော် အမျိုးသမီးတို့သည်သူတို့၏ ခင်ပွန်းသည်များထံဆက်ကပ်ပြီး ဘာသာတရား၌ဖြစ်စေ အသိုင်းအဝိုင်း၌ဖြစ်စေ ယောက်ျားတို့၏ဦးဆောင်မှုအောက်တွင် နေရန်သွန်သင်ထားပါသည်။အသင်းတော်၌ ယုံကြည်သူတို့၏ သွန်သင်ခြင်းအားဖြင့်ဖြစ်စေ ချီးမွမ်းခြင်းအား ဖြင့်ဖြစ်စေ ကိုးကွယ်ခြင်းအားဖြင့်ဖြစ်စေ သက်သေခံခြင်းအားဖြင့်ဖြစ်စေ အချင်းချင်းခွန်အားပေး တိုက်တွန်းနိုင်ရန်အတွက် စိတ်ဝမ်းကွဲခြင်းမရှိပဲစုရုံးကြပါသည်။ထိုကဲ့သို့သော နေရာမျိုးတွင် ယောက်ျားတို့သည်အစေခံဦးဆောင်သူများအဖြစ်ခန့်အပ်ခြင်းခံခဲ့ရပါသည်။ယောက်ျားတို့သည် တိတ် ဆိတ်စွာနေရန်တိုက်တွန်းထားခြင်းဖြစ်ပါသည်။

လူထုပရိတ်သတ်ရှေ့မှောက်၌ တိတ်ဆိတ်စွာနေခြင်းနှင့်ပတ်သက်၍ ကောရိန္သုဩဝါဒစာပဋ္ဌ မစောင် ၁၁နှင့်ကောရိန္သုဩဝါဒစာပဋ္ဌမစောင် ၁၄ တို့၌ ဖော်ပြထားသော အမျိုးသမီးများပရော ဖက်ပြုခြင်းတို့၏ ဖော်ပြလိုသောအချက်အလက်တို့သည် တူညီသည်။ကောရိန္သုဩဝါဒစာပဋ္ဌမစောင် ၁၁ ထဲတွင် အမျိုးသမီးများသည် အသင်းတော်အစည်းအဝေး၌ ပရောဖက်ပြုထားသည်ဟုတိတိ ကျကျကန့်သတ်ကာ ဖော်ပြထားခြင်းမရှိပေ။ကောရိန္သုဩဝါဒစာပဋ္ဌမစောင် ၁၁ ထဲတွင် ဖော်ပြထား သောဆုတောင်းခြင်းနှင့်ပရောဖက်ပြုခြင်းတို့သည် အသင်းတော်ဝတ်ပြုခြင်းအစည်းအဝေးထဲ၌ထက် တခြားနေရာလူစုရုံးခြင်း၌ ပေါ်ပေါက်နေသည်ဟု နားလည်ရပေသည်။အသင်းတော်များ(၁၁း၁၆) စကားလုံးကို အသင်းတော်ဝတ်ပြုခြင်း၌ အချင်းချင်းအားပေးတိုက်တွန်းသောနေရာ၌သာ အသုံးချ ရန်ရည်ညွှန်းထားခြင်းမဟုတ်ပေ။သို့သော် နေရာတိုင်း၌ရှိသော ခရစ်ယာန်အားလုံးတို့အတွက် ယုံ ကြည်ခြင်း၌သဘောတူညီချက်ပင်ဖြစ်သည်။

သို့ရာတွင် ကောရိန္သုသြဝါဒစာ ၁၄း၂၆ ထဲ၌ ဖော်ပြလျက်ရှိသော အစည်းအဝေး၌လူတိုင်း စကားပြောနိုင်၍ လူတိုင်းပရောဖက်ပြုနိုင်သည်ဟူသော အဆိုကိုမည်သို့ဖြေရှင်းနိုင်မည်နည်း။ကျမ်း ပိုဒ်တော်တော်များများထဲတွင် ညီအစ်ကိုများဟုဖော်ပြသောအခါ ယောကျ်ားနှင့်မိန်းမတို့ကိုဖော်ပြလို ခြင်းဖြစ်သည်ကို တွေ့ရှိရသည်။တခြားနေရာများတွင် ညီအစ်ကိုများဟုဖော်ပြသောအခါ ယုံကြည် သူယောကျ်ားတို့ကိုဆိုလိုခြင်းဖြစ်သည်(၁ကော ၇း၂၉၊ ၉း၅)။ထိုကဲ့သို့ဆိုလိုခြင်းသည် အမြဲတမ်းအ သုံးပြုခြင်းတော့မဟုတ်ပေ။ကောရိန္သုမြို့၌ ပို့သောစာစောင်များထဲတွင် ညီအစ်ကိုများဟုဖော်ပြသော အခါ ယောကျ်ား၊မိန်းမတို့ကိုဆိုလိုခြင်းဖြစ်သည်ဟု တချို့ကတိုက်တွန်းထားပါသည်။ ၁ကော ၁၄ ထဲတွင် ဖော်ပြထားသောအကြောင်းအရာတို့သည် ဤကဲ့သို့ပင်မဟုတ်လော။အခန်းကြီး ၁၄နှင့်အ ခန်းကြီး ၁ကို ကြည့်ပါက ဖော်ပြလိုသောအကြောင်းအရာတို့သည် ထိုကဲ့သို့ပင်ဖြစ်သည်။ ၁ကော ၁၄ တလျှောက်ဖော်ပြထားသော စာဖတ်သူများတို့သည် ညီအစ်ကိုများ(သို့)သင်တို့(နာမ်စား)ကို ရည်ညွှန်းလိုခြင်းဖြစ်သည်။သို့ရာတွင် အမျိုးသမီးတို့အကြောင်းဖော်ပြထားသော ကျမ်းပိုဒ် (၁၄း၃၃ (ခ)–၃၅)ထဲတွင် သင်တို့ (ဒုတိယနာမ်စားမှ) သင်တို့ (တတိယနာမ်စား)သို့ အထူးပြု၍ အသုံးပြု ထားချက်ကိုလည်းတွေ့ရှိရသည်။ “မိန်းမများ … သင်တို့ကို” ဟူ၍ ရေးသာမည့်အစား “မိန်းမများ … သင်တို့သည်” ဟူ၍ ရေးသားထားပါသည်။ညီအစ်ကိုများဟု ဖော်ပြသောအခါညီမများလည်းပါ ဝင်ပါက အဘယ်ကြောင့်ပေါလုက ညီမများဟုတိုက်ရိုက်မဖော်ပြပါသနည်း။

၁ကော ၁၄ထဲတွင် ဖော်ပြလျက်ရှိသော ညီအစ်ကိုများဟုဖော်ပြရာတွင် ယောကျ်ားများကို အဓိကထား၍ ရည်ညွှန်းထားပါက ဤနာမ်စားပြောင်း၍အသုံးပြုခြင်းကို လွယ်ကူစွာဖြင့်နားလည် နိုင်ပါသည်။ထိုကဲ့သို့ဖော်ပြထားခြင်းတို့သည် တိုက်ရိုက်ဖော်ပြထားခြင်းမဟုတ်သောကြောင့် အမျိုးသမီးများဟုဖော်ပြလိုသောအခါ တတိယပုဂ္ဂိုလ်ကို အသုံးပြုထားပါသည်။ထို့ကြောင့် ညီအစ်များအ ယောက်စီတိုင်းဟု ဖော်ပြသောအခါထိုဝတ်ပြုခြင်းအစည်းအဝေးထဲတွင်ပါသော ညီအစ်ကိုတို့ကိုရည်ညွှန်းလိုခြင်း(၁၄း၂၆)ဖြစ်သည်။ထို့ပြင်ထိုဝတ်ပြုအစည်းအဝေးထဲတွင်ပါဝင်သူယောကျ်ားများကို ညွှန် ပြခြင်းပင်ဖြစ်သည်။အမျိုးသမီး “သူတို့သည်” ဟုဖော်ပြသောအခါ အသင်းတော်၌ရှိသော တရား နာသူအားလုံးကို ဖော်ပြလိုခြင်းမဟုတ်ပေ။စိတ်ဝင်စားဖွယ်ရာကတော့ textus receptus ထဲတွင် ၁၄း၃၄ ၌ အမျိုးသမီးနာမည်ရှေ့တွင် သင်တို့ဟူသောစကားလုံးကို ထည့်သွင်းဖော်ပြထားပါသည်။ ၁ကော ၁၄ တလျှောက်ညီအစ်ကိုဟူသော စကားလုံးကိုဖော်ပြရာတွင် ယောကျ်ားတို့ကိုညွှန်ပြလို ခြင်းဖြစ်ပြီး မိန်းမတို့ကိုညွှန်ပြလိုခြင်းမဟုတ်သည်ကို ထပ်မံ၍ထောက်ပြထားပါသည်။ပေါလုသည် တခြားသောသူ၏စာစောင်များထဲတွင် အမျိုးသမီးများကို တိုက်ရိုက်ညွှန်ပြရန် ဝန်လေးပင်ပန်းခြင်း မရှိခဲ့ပေ။(for instance Euodia Syntyche in Php. 4:2)။ထို့ကြောင့် ၁ကော ၁၄ထဲတွင် သူကအ မျိုးသမီးများဟူ၍ မဖော်ပြထားခြင်းသည်သူ၏ တောင်းဆိုမှုတို့ကိုသာ၍ အလေးအမြတ်ထားရန် ဆန္ဒရှိသောကြောင့်ဖြစ်သည်။Gordon Fee က သူ၏အနက်ဖွင့်ကျမ်းထဲတွင် ဤကဲ့သို့ဖော်ပြထား ပါသည်။ “တမန်တော်ကြီးဦးစွာညွှန်ကြားခဲ့သော “လူတိုင်း” (V. 26) နှင့် “အားလုံး” (V.31) တို့ သည် အမျိုးသမီးတို့ကို ညွှန်ပြလိုခြင်းမဟုတ်သည်ကို နားလည်ရပေမည် (p. 706).

**နိဂုံး** *(Conclusion)*

အမျိုးသမီးများတိတ်ဆိတ်စွာနေခြင်းသည် အိမ်၌ဖြစ်စေ၊အသင်းတော်၌ဖြစ်စေ အသုံးချရ မည်ပညတ်ပိုင်းဆိုင်ရာသင်ခန်းစာနှင့် လက်တွေ့ကျကျလုပ်ဆောင်ရမည့် ပညတ်ပင်ဖြစ်သည်။ ယောကျ်ားများသည် အစည်းအဝေးကိုဦးဆောင်ခြင်း၊ထိုအစည်းအဝေး၌ တာဝန်ကျေပွန်စွာထမ်းဆောင်ခြင်း၊နှုတ်အားဖြင့်ပါဝင်ဆွေးနွေးခြင်း၊သူတို့၏အယူဝါဒများကို နီးနှောဆွေးနွေးခြင်း၊ခေါင်း ဆောင်များဖြစ်နိုင်ရေးကို မိမိကိုယ်ကိုလေ့ကျင့်ခြင်းစသည်တို့ပြုလုပ်ရန် ယောကျ်ားတို့ကိုတိုက်တွန်း နှိုးဆော်ထားပါသည်။အမျိုးသမီးတစ်ဦးက ဤသို့ဝမ်းမြောက်စွာဖြင့်ပြောဆိုခဲ့ပါသည်။သူမသည် အသင်းတော်တွေ့ဆုံဆွေးနွေးရာတွင် တိတ်ဆိတ်စွာနေလေလေ၊သူမသည်သူမလင်၏စကားနှင့်ဦးဆောင်မှုကို နာခံလေလေဖြစ်သည်(cp.၁ပေ ၃း၁–၂)။

တခါတလေ ၎င်းကျမ်းပိုဒ်များကို လွန်ကဲစွာရှင်းပြတတ်သောသူတို့က သာသနာလုပ်ငန်း၌ အမျိုးသမီးတို့၏ကဏ္ဍကို ကန့်သတ်ထားခြင်းဖြစ်သည်ဟု ယူဆသောကြောင့် ပဋိညာဉ်ဟောင်းနှင့် သစ်တို့ဖြင့်ဖွဲ့စည်းတည်ထောင်သော ဘုရားသခင်၏မိသားစုဖွဲ့စည်းပုံနှင့်ဖန်ဆင်းဖြင်းတို့ကို ကောင်းမွန်စွာသိရှိခြင်းမှလမ်းလွဲသွားခဲ့သည်။အသင်းတော်သည် မိသားစုအများအပြားစုပေါင်းပါဝင်သော အဖွဲ့အစည်းဖြစ်သည်။အသင်းတော်ဖွဲ့စည်းထားခြင်းသည် အိမ်ထောင်မိသားစုဖွဲ့စည်းမှုနှင့်မတူပေဟု ခံယူပါက စနစ်မကျပေ။အဓိပ္ပါယ်လည်းမရှိချေ။ဘုရားသခင်က သာသနာလုပ်ငန်းခွင်တွင် မတူညီ သောအခန်းကဏ္ဍများပြည့်စုံနိုင်ရန်အတွက် ယောကျ်ားမိန်းမတို့ကိုဖန်ဆင်း၍ ဆုကျေးဇူးချပေးထား ခဲ့သည်။မိသားစု၌ဖြစ်စေ၊အသင်းတော်၌ဖြစ်စေ ဘုရားသခင်၏ဖွဲ့စည်းပုံကို မှန်ကန်စွာသိရှိခြင်း သည် ဤကဲ့သို့သောကန့်သတ်ချက်တို့ကို မိမိယုံကြည်မှု၌ ကာကွယ်ခြင်းသာဖြစ်၍ ခုခံမှုမဟုတ်ကြောင်းကျွန်ုပ်တို့အားနားလည်စေပါသည်။ထိုသူတို့သည် အမျိုးသမီးများက ယောကျ်ားတို့နည်းတူဦးဆောင်မှုရှိနိုင်ပြီး၊သူတို့နည်းတူလုပ်ဆောင်နိုင်ပါသည်။သူတို့ကလည်းယောကျ်ားတို့သည် အစေခံ ဦးဆောင်သူများဖြစ်နိုင်သည်ဟု အားပေးတိုက်တွန်းထားပါသည်။ဘုရားသခင်က ခရစ်တော်နှင့်သူ ၏သတိုးသမီးဖြစ်သော အသင်းတော်တို့ကို ဖော်ပြထားသည်။အသင်းတော်သည် ခရစ်တော်အား ဦးခေါင်းအဖြစ်နာခံခဲ့ပါသည်။

ဤဖော်ပြချက်သည် ကျွန်ုပ်တို့အသက်တာတွင် မည်ကဲ့သို့အသုံးချသည်ပေါ်တွင်မမူတည်ပဲ ပြင်းထန်သော ပညတ်ချက်ပင်ဖြစ်သည်။ဤတင်ပြချက်ကို အနည်းဆုံးအပတ်စဉ်လုပ်ဆောင်ရန် တချို့ရှိသည်။ကျွန်ုပ၏ရည်ရွယ်ချက်သည် ယနေ့ကျွန်ုပ်တို့အသက်တာ၌ သမ္မာကျမ်းစာသွန်သင်မှုအတိုင်းလုပ်ဆောင်ရန်လိုအပ်သည်။ကျွန်ုပ်၏ ခံယူချက်နှင့်ဆန့်ကျင်သောအတွေးအခေါ်သမားများနှင့်စကားရည်လုပွဲပြုရန်မဟုတ်ပေ။ကောရိန္သုသြဝါဒစာပဌမစောင် ၁၄း၃၃(ခ)–၃၅ကို မည်ကဲ့သို့အ သုံးချရမည်ကို မသိသောစာရှုသူအပေါင်းတို့၊ကျွန်ုပ်တို့သည်ခေါင်းမာ၍ ဤကျမ်းပိုဒ်မရှိဘူးဟူ၍ မသိယောင်ဆောင်ကာ မနေနိုင်ပေဟုနားလည်ရပေမည်။ပေါလုက “သင်သည် ဤအရာကိုမထီမဲ့ မြင်ပြုလျှင်၊သင်ကိုယ်တိုင်မထီမဲ့မြင်ပြုခြင်းကို ခံရမည်။(၁၄း၃၈)။

***-Steve Atkerson.***